သမ္မာကျမ်းဆိုင်ရာအတွေးအမြင်
"မျှော်လင့်ခြင်းပုံရိပ်များ"



ကျွန်တော့်အသက် ၆၆နှစ်ပြည့်မွေးနေ့ကို ပြင်သစ်နိုင်ငံရှိ နာမည်ကျော် ရှာထြာ(စ်)ကာသီဒြလ် (Chartres Cathedral)၌ အဓိပ္ပာယ်ရှိစွာကုန်လွန်ခဲ့ရသည်။ ဘုရားကျောင်းထဲသို့ လည်ပတ်ရင်း စိတ်ထဲ၌လေးလံနေသည်။ မြန်မာနိုင်ငံ၌ဖြစ်ပျက်နေသော သတ်ဖြတ်မှုများ၊ စစ်ရှောင်စခန်းများကို ဗုံးထိမှန်ခြင်း၊ ကလေးငယ်များသေဆုံးခြင်း အစရှိသောသတင်းမြင်ကွင်းများကြောင့် နှလုံးသား နွမ်းနယ်ကြေကွဲနေရသည်။ မွေးနေ့မတိုင်ခင် အမ်စတာဒမ်မြို့သို့ သွားရောက်ခဲ့စဉ်ကလည်း ခရစ်ယာန်များစွာသည် ဘုရားကိုမယုံကြည်တော့ဘဲ၊ အသင်းတော်နှင့်ဝေးကွာနေသည်ကို တွေ့မြင်ရသည့်အတွက် အင်မတန်မှစိတ်မကောင်းဖြစ်ခဲ့ရသည်။ မိမိတို့ကိုဖန်ဆင်းသော ဘုရားနှင့် ဝေးရာတွင် မိမိခွန်အားဖြင့် ဘဝ၏အဓိပ္ပာယ်၊ မျှော်လင့်ခြင်း၊ လိုအပ်သောစိတ်ခွန်အားများကို မိမိတို့ဖာသာ ဖန်တီးရယူနိုင်မည်ဟု သူတို့အမှန်တကယ်စွဲလမ်းယုံကြည်ထားကြပါသလား။ ထိုအတွေးများဖြင့် ဆုတောင်းရင်း ဉာဏ်ပညာနှင့်နှစ်သိမ့်ခြင်းကို ဘုရားသခင်ထံတောင်းခံ ခဲ့သည်။ ထိုသို့ဆုတောင်းနေရင်း သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် မျှော်လင့်ခြင်းအဖြေကိုရရှိခဲ့ ပါသည်။ ဘုရားကျောင်းတွင်ရှိနေသော ရုပ်ပုံအမျိုးမျိုးတို့အားဖြင့်ဝိညာဉ်တော်က ကျွန်ုပ်ကိုတို့ထိစကား ပြောခဲ့ခြင်းဖြစ်သည်။

ဘုရားကျောင်း၏မှန်ပြတင်းပေါက်များတွင် ဓမ္မသစ်ကျမ်းရှိ တမန်တော်များ၊ ဓမ္မဟောင်းရှိ ပုရောဖက်များ၏ရုပ်ပုံများကို ခြယ်သထားပါသည်။ ထိုအထဲတွင် "တရားမျှတခြင်း၊ ချစ်သနားခြင်း၊ ဘုရားသခင်နှင့်အတူနှိမ့်ချစွာအသက်ရှင်ခြင်း"(မိက္ခာ ၆း၈) ဟူသောအကြောင်းအရာများကို ဟောပြောနေသော

ပုရောဖက်မိက္ခာ၏ရုပ်ပုံက(ဓာတ်ပုံတွင်ကြည့်ပါ) ကျွန်ုပ်၏အာရုံကိုဖမ်းစားခဲ့သည်။ လူနာများကို အခမဲ့ကုသပေးနေသော ဆရာဝန်နှစ်ယောက်၏ရုပ်ပုံကလည်း ကျွန်ုပ်၏စိတ်ကိုတို့ထိခဲ့သည်။ ဘုရား၏မေတ္တာကိုပြသရင်း ဧဝံဂေလိတရားကိုလည်းပြောကြားခဲ့ကာ ကယ်တင်ခြင်း အကြောင်း မသိသေးသူများကို ယေရှုခရစ်တော်နှင့်မိတ်ဆက်ပေးခဲ့သော ယုံကြည်သူများဖြစ်သည်။ ဘုရားကျောင်းအပြင် တောင်ဖက်တံခါးပေါက်တွင် Le Beau Dieu (သပ္ပာယ်သောဘုရား) ဟူသော ယေရှု၏ရုပ်တုကိုတွေ့မြင်နိုင်သည်။ ယေရှုက အသက်စာစောင်ကိုကိုင်ထားပြီး သူ၏ဘေးနားတွင် ယုံကြည်ခြင်းကြောင့်အသက်စွန့်ခဲ့ကြသော တပည့်တော်များကဝန်းရံနေပါသည်။ဤတပည့်တော်များသည် ယေရှု၏အသက်ရှင်ခြင်း၊ ကားစင်တင်သတ်ခံရခြင်း၊ ရှင်ပြန်ထမြောက်ခြင်းဟူသော အကြောင်းအရာများကိုသက်သေခံရင်း မိမိအသက်ကိုပင်စွန့်လွှတ်ကြသည်အထိ သစ္စာရှိခဲ့ကြသည်။ ထိုယေရှုရုပ်တု၏ အောက်ဖက်တွင် သူကြွယ်တစ်ဦးနှင့်ငယ်သားနှစ်ယောက်တို့သည် ဆာငတ်နေသူများကို စားစရာပေးဝေရင်း အလုပ်များနေကြသည့်ရုပ်တုကိုလည်းတွေ့မြင်ရပါသည်။ (ဓာတ်ပုံတွင်ကြည့်ပါ)

ဤအခင်းအကျင်းသည် ပြီးပြည့်စုံလှပါသည်။ ဖန်ဆင်းရှင်ဘုရားသခင်က လူသားတို့အပေါ်မည်သို့ ရည်ရွယ်ချက်ရှိသည်ကို ပုရောဖက်များ၊ တမန်တော်များက သွန်သင်ပြသခဲ့ကြသည်။ ထိုနည်းတူပင် ကြွယ်ဝချမ်းသာ၍ ဂုဏ်ဒြပ်ရှိသည့်ခရစ်ယာန်များသည်လည်း မိမိတို့၏ယုံကြည်ခြင်းကို ပြသလျက် လိုအပ်နေသူများကို ပြုစုစောင့်ရှောက်ပေးခဲ့ကြသည်။ "ငါသည်လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။အသက်လည်းဖြစ်၏"(ယောဟန် ၁၄း၆) ဟုပြောဆိုနေသည့် သခင်ယေရှု၏ဘေးတွင် စစ်မှန်သောတပည့်တော်များကလည်း ယုံကြည်ခြင်းနှင့် သစ္စာရှိခြင်းဆိုသည်မှာ နေ့စဉ်အသက်တာ၌ မည်သို့ရှိရမည်ကို ဖော်ပြအသက်ရှင်နေခြင်းဖြစ်သည်။

ဤသို့တွေးမြင်ပြီးသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်အတွက်လိုအပ်သောအဖြေကို ချက်ချင်းပင် ရရှိခဲ့သည်။ ကျိုးပဲ့ကြေမွသောစိတ်ခံစားချက်များအတွက် ဤဘုရားကျောင်းတွင်မြင်တွေ့ရသော ရုပ်ပုံ၊ရုပ်တုများက အဖြေဖြစ်လာပါသည်။ ချက်ချင်းပင် အလင်းတရား၊ရှင်သန်ခြင်း၊မေတ္တာ၊မျှော်လင့်ခြင်းများကို ခံစားလိုက်ရသည်။ ထိုခနချင်းပင်မျက်ရည်များကျလျက် ကျွန်ုပ်ငိုကြွေးမိသည်။ ဒုက္ခကြီးစွာခံစား နေရသော လူများအတွက်မျက်ရည်ကျခြင်းဖြစ်သလို၊ ကျွန်ုပ်ရှာဖွေနေသောအဖြေကို ဤသို့သော ရုပ်ပုံများဖြင့်အဖြေပေး၍ မျှော်လင့်ခြင်းကိုပေးသောကြောင့် သန့်ရှင်းသောဝိညာဉ်တော်ကိုလည်း ကျေးဇူးတင်နေမိသည်။ ဤသို့ခံစားနေရသည်မှာလည်း ကျွန်ုပ်တစ်ဦးတစ်ယောက်တည်းမဟုတ်ပေ။ ကမ္ဘာပေါ် ရှိမတရားမှုများ၊ မှားယွင်းနေမှုများ၊ ဘာသာရေးခေါင်းဆောင်များ၌ပင်လျှင် စိတ်ပျက်စရာ အခြေအနေများ၊ ကျွန်ုပ်ကိုယ်တိုင်သည်လည်း စိတ်အားငယ်၊ စိတ်ပျက်မှုထဲ၌ကျင်လည်နေရသော်ငြား

ဘုရားသခင်သည် ကောင်းသည့်အရာများကိုအမြဲလုပ်ဆောင်ပေးနေလျက်ရှိသည်။ လွန်ခဲ့သော ရာစုနှစ်များစွာကတည်းက ဘုရားသခင်သည် စစ်မှန်သည့်ပုရောဖက်များ၊ တမန်တော်များ၊ တပည့်တော်များ၊ စစ်မှန်သောယုံကြည်သူများအားဖြင့် စကားပြောနေလျက်ရှိသည်။ ဆင်းရဲသူ၊အားနည်းသူများအပေါ် ခေါင်းပုံဖြတ်မှု၊ မတရားကျူးလွန်မှုများရှိနေသည့် ကြားထဲ၌ပင် ဘုရားသခင်၏တန်းခိုးတော်နှင့်စစ်မှန်သောဖြစ်တည်မှုကို ကျွန်ုပ်တို့ခံစားသိရှိရပါသည်။ ထိုနည်းတူပင် ကိုယ်ကျိုးစွန့်လျက် အခြားသူများအပေါ် မေတ္တာ၊ဂရုဏာ၊ကြင်နာမှုများကို ပြသနေသောသူများစွာ ရှိပါသည်။ ဝိညာဉ်တော်က ဘဝအသက်တာကို ပြောင်းလဲပေးနိုင်သလို၊ ခရစ်တော်၏နောက်လိုက်များကိုလည်း ရှေ့ဆက်သွားရန်နည်းလမ်းအစဉ်ဖွင့်ပေးနေမည်ဖြစ်သည်။

ထိုနှုတ်ကပတ်တော်(ယေရှုခရစ်တော်)၌အသက်ရှိ၏။ ထိုအသက်သည်လည်း လူတို့၏အလင်းဖြစ်၏ ထိုအလင်းသည် မှောင်မိုက်၌လင်း၏ မှောင်မိုက်သည်မခံမယူ။ (ယောဟန် ၁း၄-၅)

သခင်ယေရှု၏ချစ်ခြင်းမေတ္တာဖြင့်

Dr. Tim
ဦးထင်ကျော်

သိက္ခာတော်ရဒေါက်တာ Timothy C. Geoffrion သည်ခရစ်ယာန်အမှုတော်ဆောင်တစ်ဦးဖြစ်၍ ဓမ္မသစ်ကျမ်းဆိုင်ရာ ဧည့်ပါမောက္ခအဖြစ် ရန်ကုန်မြို့တွင် ၂၀၀၇ ခုနှစ်ကတည်းက အစေခံသင်ကြားပေးနေသူဖြစ်သည်။